# Focus အရေး ကြီးခြင်း နှင့် ပြတ်သား အောင် ဆောင်ရွက် ရမည့် နည်းလမ်း



ဓါတ်ပုံ တစ်ပုံ တွင် Focus သည် ဓါတ်ပုံ ပြတ်သား မှု တစ်ခုထည်း ကိုသာ အလေးပေး ခြင်းသာမက Subject ကို သူ၏ပတ် ဝန်းကျင်မှ ခွဲထုတ်ကာ ထူးခြားစွာ ပေါ်လွင်နေအောင် လုပ်ဆောင်ခြင်း လည်းပါ သည်။ Focus ကောင်း ခြင်းဖြင့် ကြည့်သူ၏ ခံစားမှု ရသ ပေါ်ထွက် လာနိုင်သည်။ မည်သို့ ပုံ ရိုက်သည် ဖြပ်စေ Focus သည် အဆိုပါပုံ၏ ပြီးပြည့်စုံမှု ရှိ မရှိကို ဆုံးဖြတ်သည့်နေရာတွင် ရှိသည်။

## Portraits

Portraiture ဆိုသည်မှာ လူ တစ်မျိုးတည်းသာ မဟုတ်ဘဲ တိရိစ္ဆာန် နှင့် အရာဝတ္ထု များကို ရိုက်ခြင်းလည်း ပါသည်။ တစ်ဦးထည်း ၊ တစုထည်း ၊ တစ်ကောင်ထည်း ကို အဓိက ထား ရိုက်ခြင်းဖြစ်သည်။

Potrait ရိုက်လျှင် လူဖြစ်စေ တိရိစ္ဆာန် ဖြစ်စေ Focus ကို မျက် လုံး တွင် ဖြတ်ရမည် ဆိုသည် မှာ ဥပဒေသ တစ်ရပ် ဖြစ်သည်။ သို့ရာ၌ ဥပဒေသ တိုင်းတွင် ချွင်း ချက် တော့ ရှိစမြဲ ဖြစ်သည်။ မျက်လုံးကို Focus ဖြတ်ရမည် ဆိုသည်မှာ မျက်လုံးသည် မျက်နှာ တစ်ခု လုံးကို ကိုယ်စားပြုသည့်အရာ။ စိတ်ကိုဖေါ် ဆောင် သည့် နေရာ ဖြစ်သောကြောင့်ဖြစ်သည်။

မျက်လုံး မပာတ်မူဘဲ နှုတ်ခမ်း ၊နာဖျား စသည် တို့ ကို focus ဖြတ်သည် များလည်းရှိသည်။ အချို့ သော ခွေး ပုံ များတွင် ဤကဲ့ သို့ ရိုက်လေ့ရှိသည်။ သို့ ရာတွင် မျက်လုံးတွင် Focus ဖြတ်ထားပြီး နောက်ခံ ဂါး နေသည့် ပုံလောက် ဆွဲ ဆောင်မှု မရှိသည် ကိုတွေ့ ရသည်။

**Tips -** Wide Aperture ဖြစ်သည့် f-2.8 ကဲ့သို့ Lens ၊ 50mm အထက် Long Focal Length သုံး၍ Subject နှင့် နီး နိုင်သမျှ နီးအောင် ရိုက်ခြင်း ဖြင့် နောက် ခံ ဂါး Blur စေ နိုင်သည်။



## Landscapes/architectural



ရှုခင်းပုံ သည် သဘာ ဝ ပတ်ဝန်းကျင် ကို ရိုက်ခြင်းဖြစ်သည်။ များသောအားဖြင့် အား လုံးသော အရာများကို ပြတ်သားအောင် focus ယူ လေ့ ရှိသည်။ သဘောမှာ ကြည့်သူအား ပုံ၏ Sense of size and scale ကို ခံ စားနိုင်စေရန်ဖြစ် သည်။ " A buffet of sights, a feast for the eyes. " ဟူသော အဆို ရှိသည်။ Landscapes ရိုက်သူများ အနေနှင့် Hyperfocal Length distance ဖြစ်သည့် ပုံ၏ အရှေ့ဆုံး အရာ မှ နောက်ဆုံး သော အရာအထိ အားလုံး Focus ပြတ်နေအောက် ရိုက်ရမည် ဆိုသည် ကို သတိလွတ် လေ့ ရှိသည်။ အထက်ပါ ပုံ ကို ဥပမာ ပြု ၍ ပြောရလျှင် ရှေဆုံးရှိ မြေနီလမ်း အ ဝင် မှ အစ နောက်ဆုံး တွင်ရှိ တိမ် တိုက် အထိ အားလုံး ပြတ်သားနေရန် လိုသည်ကို ဆိုလိုခြင်းဖြစ်သည်။

Landscape ပုံ တစ်ပုံတွင် အားလုံး ပြတ်သားနေသည်ဆိုပါက ကြည့်သူ၏ အာရုံ သည် ပုံထဲ ရှိ အရေးကြီး ထင်ရှားသည့် အရာများဖြစ်ကြသော ထင်ရှားသည့် လိုင်း၊ ပေါ်လွင်သည့် အရောင် ၊

Composition ဆိုင်ရာ ဥပဒေသ များ၏ Point of Interest တစ်နေရာရာ အပေါ်ရှိ အရာပေါ်သို့ ပထမ ဦးစွာ ကျရောက် ပေလိမ့် မည်။ ထို မှတစ်ဆင့်သာ ရှေ့ သို့ ဆက် ကြည့် သွား လိမ့် မည်။

အထက်ပါ ရှုခင်းပုံ ကို ကြည့်ပါက ကြည့်သူသည် ပထမဦးစွာ လမ်းကြောင်းလေး၏ အစ ကိုကြည့်လိမ့် မည်။ ယင်းနောက် လမ်းတစ်လျှောက် လိုက်သွားကာ ယင်းနောက်တွင် တောင်တန်းများဆီသို့ ရောက်သွား မည်။ နောက်ဆုံးတွင် တိမ်တိုက် နှင့် ကောင်းကင်ပြာ ဆီသို့ ရောက်သွားလိမ့်မည်။

**Tips -** ဤကဲ့သို့ Hyperfocal distance ရရန် အတွက်- Aperture ကို f-11 နှင့်အထက် ထားကာ Landscape ၏ အလယ် တွင် Focus လုပ်ပါ။ Tripod သုံးပါက ပို ကောင်းသည်။ Aperture ကျဉ်းကျဉ်း ( f-11, f-16, f-22 ) နှင့် ရိုက်ပါက Shutter speed နှေးလာမည် ဖြစ်သော ကြောင့် Tripod လို အပ် လာသည်။ ဤ သို့ဖြင့် ပြတ်သားမှု ကောင်းကောင်း ရလာ လိမ့် မည်။



## Macros

Macro သည် အလွန် သေးသည် အရာများကို အလွန်နီးကပ် စွာ ရိုက်ရသည့် ပုံ ဖြစ်သည့် သီးခြား နည်းပညာ၊ နှင့် စိတ်ရှည်ရန် များစွာလိုသည်။ အလွန် စိတ်ရှည် ရသည့် ရိုက်နည်း ဖြစ်၍ Macro

သမားများ  ည် အခြားသော ဓါတ်ပုံ သမားများ နှင့် နှိုင်းစာ လျှင် စိတ်ကျန်းမာ ရေး မကောင်းသူ အတော် ပို၍ များသည် ဟု ဆိုလေ့ရှိသည်။

Macro သည် သာမန် မျက်စေ့ ဖြင့် သတိမထားမိသည့် အရာ၊ သတ္တဝါ ငယ်လေး များကို ကြည့်သူ အာရုံ စိုက်လာစေ နိုင်ဖေ လာက်သည် အထိ အကြီးချဲ့ ရိုက်ကူး ခြင်းဖြစ်သည်။ အလွန်တိမ် သည့် DOF- Extremely shallow depths of field ပုံ မျိုး ဖြစ်သည်။ အချို့ သော Depth of Field သည် လီမီလီ မီတာ မျှလောက် ပင် ရှိသည်။



Macro ရိုက်ရာတွင် ပေါ်လာသည့် Shallow depth of field သည် အကင်မရာ နှင့် Subject အကြားရှိ Distance ပေါ်လည်း တည်သည်။ အနီးနား ကပ် ၍ ရိုက် ခြင်း ကြောင့်ဟု ဆိုရမည်။ အချို့ ကလည်း ပုံတွင် ပြတ်သားမှု ဧရိယာ ကျယ်လာစေရန် Depth of Field ကို တိုး ယူ ကြသည်။

**Tips -** Macro ရိုက်ရန်အတွက် Macro Mode သို့ မဟုတ် Macro Lens သုံးရမည်။ subject နှင့် ကပ် နိုင်သမျှ ကပ်၍ ရိုက်ရမည်။ Aperture အကျဉ်းများဖြစ်သည့် ( f-8, f-11 or Higher ) တို့ နှင့် ရိုက်ရမည်။ ဤကဲ့ သို့ Aperture ကျဉ်းကျဉ်း နှင့် အနား ကပ် ကာ Shutter speed နှေးနှေး ဖြင့် ရိုက် ရသည့် အတွက် အလင်း ရောင် အဝင် နည်း သဖြင့် Tripod လိုသည်။ ISO တင်ရန်လည်း လိုသည်။

## Environmental portraits



အထက်ပါပုံသည် Potraiture and Landscape ပေါင်းစပ်ထားသည့် ပုံဖြစ်သည်။ ကနေသည့် ခလေး မလေး ၏ ဘေးပတ် ဂန်းကျင် က ဆိုပါပုံ၏ အကြောင်းကို ပြောပြ နေသည်။ အဆိုပါ ပုံမျိုး ကိုရိုက်သည့် နည်း များစွာရှိသည်။ သို့ရာတွင် ယေဘူယျအားဖြင့် ပုံရှိ လူပုဂ္ဂိုလ် ( အထက်ပါ ပုံတွင် က နေသည့် ခလေးမ လေး ) သည် Primary subject ဖြစ်သောကြောင့် အဆိုပါလူ အစဉ် ပြတ်သား နေအောင် Focus ဖြတ်ရမည်။ နောက်ခံ ကို မည်မျှ ပေါ်လွင် အောင် ထားမည် ဆိုသည်မှာ မူ အဆိုပါ နောက်ခံကို မည်မျှ အလေးထားသည် နှင့် ၎င်း၏ အရေးပါမှုပေါ် မူတည်သည်။

ဤဆိုပါ ပုံများသည် အနီးကပ် ရိုက်သည့် Portrait မဟုတ်သည့်အတွက် လူ ၏ မျက်လုံးကို Focus ဖြတ်ရန် မလို။

**Tips** -အဆိုပါပုံများ အတွက် ပါ ဂင်သင့်သည့် နောက်ခံပတ် ဂန်းကျင်ပါ ပါလာအောင် Medium Aperture များဖြစ်ကြသည့် (f/4, f/5.6, f/8), နှင့် Wide focal length သုံးပါ။ Subject ၏ လှုပ်ရှားမှု များ ကို Freeze လုပ်နိုင်စေရန် shutter speed ကို သင့်လျော် သည့် timing တွင် ထားပါ။

